ရဲအိဝ ၆ နှစ် (၂၀၂၄ခုနှစ်) ထုတ်ဝေမှု

# နေထိုင်မှုနှင့်လူမှုဖူလုံရေးရန်ပုံငွေ၊ကိုရိုနာအထူးချေးငွေ
# နှင့်သက်ဆိုင်သော ချေးငွေရယူထားသူများသို့

## ～ပြန်လည်ပေးဆပ်ခြင်း(ပြန်ဆပ်ခြင်း)
## ကင်းလွတ်ခွင့်လျှောက်လွှာ～

## လုပ်ထုံးလုပ်နည်းလမ်းညွှန်

＜ဆက်သွယ်ရန်＞


လူမှုဖူလုံရေးဝန်ဆောင်မှုကော်ပိုရေးရှင်း

ဖူခုရှိမားစီရင်စု လူမှုဖူလုံရေးကောင်စီ၊ နေထိုင်မှုအထောက်အကူဌာန

ဖုန်း **024-523-1250** (ရုံးဖွင့်ရက် - နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ)


*စနေ၊ တနင်္ဂနွေ၊ အများပြည်သူရုံးပိတ်ရက်၊ နှစ်ကုန်/နှစ်သစ်ကူးအားလပ်ရက်များမပါ

ဤလမ်းညွှန်ချက်ကို ငွေချေးယူသူအားလုံးထံပေးပို့ပါသည်

ရဲအိဝ ၆ ဘဏ္ဍာရေးနှစ် (ရဲအိဝ ၅ နှစ် ဇန်နဝါရီလ-ဒီဇင်ဘာလအထိဝင်ငွေ) တွင် သင်နှင့် သင်၏ အိမ်ထောင်ဦးစီးတို့၏ နေထိုင်ခွန်အတွက်ကင်းလွတ်ခွင့်ရရှိခဲ့ပါက ချေးငွေတစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် (ပြန်ဆပ်ရန်မလိုခြင်း) ရရှိရန် လျှောက်ထားနိုင်ပါသည်။ ကင်းလွတ်ခွင့်အတွက် လျှောက်ထားခြင်းပြုလုပ်ရန်လိုအပ်ပါသည်။

သင်သည် "ပြန်လည်ပေးဆပ်ရန် ကင်းလွတ်ခွင့်" ဖြစ်မဖြစ်ကို သေချာစွာဖတ်ရှု၍ လုပ်ဆောင်ပါ။

| ချေးငွေအမျိုးအစား | လျှောက်လွှာအရောင် | ကင်းလွတ်ခွင့်ပမာဏ |
|---|---|---|
| အရေးပေါ်အသေးစားရန်ပုံငွေ | လိမ္မော်ရောင် | တစ်စိတ်တစ်ပိုင်းကင်းလွတ် |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ပထမအကြိမ်ချေးငွေ) | ခရမ်းရောင် | တစ်စိတ်တစ်ပိုင်းကင်းလွတ် |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ (သက်တမ်းတိုးချေးငွေ) | အဝါရောင် | တစ်စိတ်တစ်ပိုင်းကင်းလွတ် |
| အထွေထွေထောက်ပံ့မှုရန်ပုံငွေ (ထပ်ဆင့်ချေးငွေ) | အပြာနုရောင် | အပြည့်အဝကင်းလွတ် |

※၁ ချေးယူထားသော ငွေအမျိုးအစားနှင့် ကာလပေါ်မူတည်ပြီး လျှောက်လွှာပုံစံ၏ အရောင်ကွဲပြားပါသည်။

※၂ တစ်ခုမကသောလျှောက်လွှာများကို လက်ခံရရှိသူသည် တစ်ခုချင်းစီအတွက် လျှောက်ထားရန် လိုအပ်ပါသည်။

※၃ ရဲအိဝ ၆ ဘဏ္ဍာရေးနှစ်အတွက် နေထိုင်ခွန်ပေးဆောင်ရသူသည် ကင်းလွတ်ခွင့်တွင် အကျုံးမဝင်သဖြင့် လျှောက်ထားရန်မလိုအပ်ပါ။ ပြန်လည်ပေးဆပ်ရမည့်အစီအစဉ်အတိုင်း ချေးငွေကို ပြန်လည် ပေးဆပ်ရန်တောင်းဆိုအပ်ပါသည်။

သင်သည် ရဲအိဝ ၆ ဘဏ္ဍာရေးနှစ်အတွက် နေထိုင်ခွန်ပေးဆောင်ထိုက်ပါသလား**?**

အခွန်ပေးဆောင်ထိုက်(အခွန်ကျသင့်)သည့်အခါ

- ကင်းလွတ်ခွင့်တွင် အကျုံးမဝင်သဖြင့် လျှောက်ထားရန်မလိုအပ်ပါ။ ပြန်လည်ပေးဆပ်ရမည့်အစီအစဉ်အတိုင်း ချေးငွေကို ပြန်လည်ပေးဆပ်ရန် တောင်းဆိုအပ်ပါသည်။

အခွန်ကင်းလွတ် (အခွန် 0 ယန်း)သည့်အခါ

- ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။
- စာမျက်နှာ ၆ သို့သွား၍ အိမ်ထောင်ဦးစီး၏ အခြေအနေကိုစစ်ဆေးပါ။

နားမလည်သည့်အခါ

- စာမျက်နှာ ၄ နှင့် ၅ တို့ကိုဖတ်ရှု၍ အခွန်ပေးဆောင်ထိုက်ခြင်းရှိမရှိ စစ်ဆေးပါ။

**“နေထိုင်ခွန်ပေးဆောင်ထိုက်ခြင်း သို့မဟုတ်ကင်းလွတ်ခွင့်ရှိမရှိ စစ်ဆေးရန်နည်းလမ်း”**

**၁။ နေထိုင်ခွန်ဆုံးဖြတ်ချက်အကြောင်းကြားစာ ⇒ စာမျက်နှာ ၅ရှိ ဥပမာကိုကြည့်ပါ**

နှစ်စဉ် ဇွန်လဝန်းကျင်တွင်မြို့မြို့နယ်၊ကျေးရွာ မှပေးပို့သော မြို့မြို့နယ်၊ကျေးရွာအခွန်နှင့်၊ စီရင်စုအခွန် ဆုံးဖြတ်ချက် အကြောင်းကြားစာများတွင်စစ်ဆေးနိုင်ပါသည်။

- ပေးဆောင်ရမည့်အခွန်ပမာဏ 0 ယန်း ဖြစ်ပါက ⇒ အခွန်မကျသင့်ပါ
- ပေးဆောင်ရမည့်အခွန်ပမာဏ 0ယန်း မဟုတ်ပါက ⇒ အခွန်ပေးဆောင်ထိုက်ခြင်း

※အခွန်ဆုံးဖြတ်ချက်အကြောင်းကြားစာမရရှိသူ သို့မဟုတ်ပျောက်ဆုံးသူသည် မြို့မြို့နယ်၊ကျေးရွာ(ရုံး) သို့ဆက်သွယ်စုံစမ်းပါ။


**၂။ လစာရှင်းတမ်း ⇒ စာမျက်နှာ ၅ရှိ ဥပမာကိုကြည့်ပါ**

- နေထိုင်ခွန် (မြို့ စီရင်စုအခွန်) သို့မဟုတ် ဒေသဆိုင်ရာအခွန်အမည်ဖြင့် လစာမှ ဖြတ်တောက်(နုတ်ယူခြင်း)သည့်ငွေပမာဏရှိသည့်အခါ ⇒ အခွန်ပေးဆောင်ထိုက်ခြင်း


**၃။ မြို့မြို့နယ်၊ကျေးရွာ(ရုံး)၏အခွန်ဌာနတွင်ဆက်သွယ်စုံစမ်းခြင်း**

ရဲအိဝ ဖြနှစ်(၂၀၂၄)ဇန်နဝါရီလ၁ရက်နေ့တွင်သန်းကောင်စာရင်းရှိသည့် မြို့မြို့နယ်၊ကျေးရွာ (ရုံး)၏(နေထိုင်ခွန်တာဝန်ခံ)ထံတွင် နေထိုင်ခွန်ပေးဆောင်ထိုက်ခြင်း၊ ကင်းလွတ်ခွင့်ရှိမရှိကို စစ်ဆေးပါ။

၁။ နေထိုင်ခွန်ဆုံးဖြတ်ချက် အသိပေးအကြောင်းကြားစာ (ဥပမာ) ※လျှောက်လွှာစာရွက်စာတမ်းအဖြစ် အသုံးပြု၍မရနိုင်ပါ။




၂။ လစာရှင်းတမ်း (ဥပမာ) ※လျှောက်လွှာစာရွက်စာတမ်းအဖြစ်အသုံးပြု၍မရနိုင်ပါ။




၃။ မြို့၊မြို့နယ်၊ကျေးရွာ(ရုံး)တွင် နေထိုင်ခွန်ပေးချေထားကြောင်းအထောက်အထားလက်မှတ်ကို ထုတ်ယူသည့်အခါ

**မြို့၊ မြို့နယ်၊ကျေးရွာ/စီရင်စုအခွန်သည် "ဝင်ငွေအခြေခံပမာဏ"နှင့် "မှုခြေအခြေခံပမာဏ"နှစ်ခုစလုံးတွင် "0ယန်း" ဖြစ်နေပါက "အခွန်ကင်းလွတ်"သည်ဟု သတ်မှတ်နိုင်ပြီး ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားနိုင်သည်။**

| 令和６年度　課　税 | 課税標準額 ¥O,OOO,OOO |
|---|---|

| 課税金額 | 所得割額 | 均等割額 | 年税額 |
|---|---|---|---|
| 市民税 | ¥０ | ¥０ | ¥０ |
| 県民税 | ¥０ | ¥０ | ¥０ |
| 合計 | ¥０ | ¥０ | ¥０ |

## "အိမ်ထောင်ဦးစီးနှင့်ပတ်သက်၍"

**လက်ရှိတွင် သင်သည် "အိမ်ထောင်ဦးစီး"ဖြစ်ပါသလား?**

**ဟုတ်ပါသည်- အိမ်ထောင်ဦးစီးဖြစ်ပါသည်**

ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားနိုင်ပါသည်။
စာမျက်နှာ ၇ တွင်ပါရှိသောလိုအပ်သည့်စာရွက်စာတမ်းများကိုပြင်ဆင်၍
ကင်းလွတ်ခွင့်လျှောက်ထားပါ။

**မဟုတ်ပါ-အိမ်ထောင်ဦးစီးမဟုတ်ပါ**

**လက်ရှိအိမ်ထောင်ဦးစီးသည် ငွေချေးယူစဉ်အခါက သင်နှင့်အတူနေထိုင်ခြင်းရှိပါသလား?**

**ဟုတ်ပါသည် - တူညီသောအိမ်ထောင်စု** (အိမ်ထောင်ဦးစီးသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် အခွန်ပေးဆောင်ရန်ကိုစစ်ဆေးပါ)

၁။ **အိမ်ထောင်ဦးစီးသည် အခွန်ကင်းလွတ်**ပါက ပြန်လည်ပေးဆပ်ရန်
ကင်းလွတ်ခွင့်လျှောက်ထားနိုင်သည်။
စာမျက်နှာ ၇ တွင်ပါရှိသောလိုအပ်သည့်စာရွက်စာတမ်းများကိုပြင်ဆင်၍
ကင်းလွတ်ခွင့်လျှောက်ထားပါ။

၂။ **အိမ်ထောင်ဦးစီးသည် အခွန်ကျသင့်သူ**ဖြစ်ပါက
ကင်းလွတ်ခွင့်တွင်အကျုံးမဝင်သဖြင့် လျှောက်ထားရန်မလိုအပ်ပါ။
ပြန်လည်ပေးဆပ်ရမည့်အစီအစဉ်အတိုင်း ချေးငွေကို
ပြန်လည်ပေးဆပ်ရန် တောင်းဆိုအပ်ပါသည်။

**မဟုတ်ပါ - အခြားသောအိမ်ထောင်စု** (လက်ထပ်ခြင်းစသည်တို့ကြောင့်
ချေးယူသည့်အချိန်က ရှိနေသည့် အိမ်ထောင်စုမှပြောင်းလဲသွားသူစသဖြင့်) မှ
ကင်းလွတ်ခွင့်ကို လျှောက်ထားနိုင်သည်။
စာမျက်နှာ ၇ တွင်ပါရှိသောလိုအပ်သည့်စာရွက်စာတမ်းများကိုပြင်ဆင်၍
ကင်းလွတ်ခွင့်လျှောက်ထားပါ။

# "ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့် လျှောက်ထားရန်နည်းလမ်း"

၁။ **လျှောက်ထားနိုင်မည့်ကာလ** ရဲအိဝ ၆နှစ် ဇွန်လ မှ ဩဂုတ်လ ၃၀ ရက်နေ့ (သောကြာနေ့)

၂။ **လျှောက်ထားရန်နေရာ** လူမှုဖူလုံရေးဝန်ဆောင်မှုကော်ပိုရေးရှင်း၊ ဖူခုရှိမားစီရင်စု လူမှုဖူလုံရေးကောင်စီ

၃။ **လိုအပ်သောစာရွက်စာတမ်း**

(၁) **ကင်းလွတ်ခွင့်လျှောက်လွှာပုံစံ (စာမျက်နှာ ၈ ကိုကြည့်ပါ)**
အဖွဲ့အစည်းမှ စာတိုက်ဖြင့်ပေးပို့သော လိပ်စာ၏နောက်ကျောဖက်သည် လျှောက်လွှာပုံစံဖြစ်သည်။ လိုအပ်သည့်အချက်အလက်များကို ဖြည့်သွင်းပါ။

(၂) **ရဲအိဝ ၆ ဘဏ္ဍာရေးနှစ်အတွက် နေထိုင်ခွန်ပေးချေထားကြောင်း အထောက်အထားလက်မှတ်(မူရင်း) သို့မဟုတ် နေထိုင်ခွန်ကင်းလွတ်ကြောင်း အထောက်အထားလက်မှတ်(မူရင်း) (စာမျက်နှာ ၉ ကိုကြည့်ပါ)**
[သင်က ငွေချေးယူခဲ့သည့်အချိန်တွင် လက်ရှိအိမ်ထောင်ဦးစီးက သင်နှင့်တူညီသော အိမ်ထောင်စုစာရင်း ဖြစ်ပါက "သင်" နှင့် "အိမ်ထောင်ဦးစီး" ၂ဦးစလုံးစာ တင်ပြရန်လိုအပ်ပါသည်။]

(၃) **သန်းခေါင်စာရင်း (မူရင်း) (စာမျက်နှာ ၁၀ ကိုကြည့်ပါ)**
**၁)မှ ၃)အထိအားလုံးကိုက်ညီသော သန်းခေါင်စာရင်းကိုတင်ပြပါ။**
၁) အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံကိုဖော်ပြထားရန်
၂) 'အိမ်ထောင်စုဝင်အားလုံး'ဟုဖော်ပြထားရန်
၃) လျှောက်လွှာတင်သွင်းသည့်နေ့မတိုင်မီ ၃ လအတွင်းထုတ်ယူထားရန်

※၁ (၁) မှ (၃) အထိ စာရွက်စာတမ်းများအားလုံးကို အတူထည့်ထားသော ပြန်လည်ပေးပို့သည့်စာအိတ်အတွင်း ထည့်သွင်း ပေးပို့ပါရန်။ တံဆိပ်ခေါင်းကပ်ရန် မလိုအပ်ပါ။

※၂ (၂) နှင့် (၃) ကို မြို့၊မြို့နယ်၊ကျေးရွာ(ရုံး)(နေထိုင်ခွန်ကောင်တာ နှင့် နေထိုင်မှုကောင်တာ)တို့အပြင် My Number Card ကိုင်ဆောင်သူဖြစ်ပါက နီးစပ်ရာ Convenience စတိုးဆိုင်များတွင်လည်း ထုတ်ယူ နိုင်သည်။

※၃ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်လွှာပုံစံကို တစ်စောင်ထက်ပို၍လျှောက်ထားပါက (၂) နှင့် (၃)ကို မူရင်း ၁ စောင်စီနှင့် ကျန်လျှောက်လွှာများတွင် မိတ္တူဖြင့်တင်ပြနိုင်ပါသည်။

※၄ လျှောက်လွှာကို တစ်စောင်ထက်ပို၍လျှောက်ထားပါက တစ်ခုတည်းသော ပြန်လည်ပေးပို့သည့်စာအိတ်အတွင်း စုစည်းထည့်သွင်း၍ စာတိုက်မှပေးပို့ရန်ဖြစ်သည်။ တံဆိပ်ခေါင်းကပ်ရန် မလိုအပ်ပါ။

# "ကင်းလွတ်ခွင့်လျှောက်လွှာပုံစံရေးသွင်းပုံ ဥပမာ"

（様式１―１・**令和６年度**）

**生活福祉資金・コロナ特例貸付に係る貸付金　償還(返済)免除申請書**

**«特例貸付名称»　分**　　＜社協記入欄＞

နမူနာ

…さい。

ရေးသွင်းရန်မလို

| | |
|---|---|
| 免除申請理由 | 住民税の均等割・所得割いずれも非課税となったため。 |
| 世帯の状況<br>※いずれかひとつに☑をつける | ☐ 現在、借受人(私)が世帯主である<br>☑ 現在は借受人(私)以外の者が世帯主であり、かつ現在の世帯主は貸付申請時に借受人(私)とは別世帯<br>☐ 現在は借受人(私)以外の者が世帯主であるが、DVによる避難等により世帯主の住民税の課税証明書を取得できない　／　☐ 左記のいずれにも当てはまらない場合 |
| 必要書類 | 以下、3つの…すべて必要<br>(1) 免除申…<br>(2)…借受人(私)…の令和６年度の住民税の課税証明書<br>(または非課税証明書)<br>※住民税均等割・所得割いずれも非課税の方が免除対象　／　以下、4つの書類がすべて必要<br>(1)免除申請書（この書類）<br>…載された住民票（世帯主…るもの、発行後３か月以…内のもの）<br>(3)借受人(私)および(4)世帯主の令和６年度の住民税の課税証明書（または非課税証明書）<br>※住民税均等割・所得割いずれも非課税の方が |

အိမ်ထောင်စု၏အခြေအနေနှင့်ပတ်သက်၍တစ်ခုကို ရွေးချယ်ပြီး ☑ ကိုထည့်သွင်းပါ

社会福祉法人福島県社会福祉協議会　会長殿

① 本特例制度の償還免除が決定した場合、自立相談支援機関に対して同機関の業務遂行に活用することを目的として私の個人情報を提供することに同意します。

②…

③…

④…

⑤ 審査の結果、償還…理由は開示されないことに同意します。

⑥ 償還免除を目的に世帯…いません。また、償還免除の決定後、本申請書の記載事項について虚偽であることが判明した場合や償還免除…に該当しないことが判明した場合には、償還免除を取り消されることに同意します。

・ဤစာရွက်စာတမ်းကို ရေးသွင်းသည့်ရက်စွဲ၊ လက်မှတ် နှင့် ဖုန်းနံပတ်ကို ရေးသွင်းပါ။
・ငွေချေးယူသူ သင်ကိုယ်တိုင်ရေးသွင်းရန်ဖြစ်သည်။
・အနက်ရောင်ဘောလ်ပင်ဖြင့်ရေးသွင်းပါရန်။
(ပြန်ဖျက်နိုင်သောဘောလ်ပင်ကို အသုံးမပြုပါနှင့်)
・မှားယွင်းရေးသွင်းမိသည့်အခါ မျဉ်းနှစ်ကြောင်းတား၍ဖျက်ပြီး မျဉ်းပေါ်တွင်ရေးသွင်း၍အမှားပြင်ပါ။
(ပြင်ဆင်မှုအမှတ်အသား မလိုအပ်ပါ)

**上記①～⑥すべての事項について同意する場合は、同意年月日、借受人氏名（自署）、電話番号を記入してください。**

**令和** *6* **年** *8* **月** *10* **日**

※この書類を記入した日付を記入　　借受人氏名（自署）　福島　太郎

電話番号　080　―　1234　―　5678　　※日中に連絡のとれる電話番号を記入すること。

ရေးသွင်းရန်မလို

# "နေထိုင်ခွန်ပေးချေထားကြောင်း အထောက်အထားလက်မှတ် နမူနာ"



証明番号　123456789

令和６年度 市民税・県民税　課税額証明書（例）

住所
福島県〇〇市〇〇町〇−〇

氏名
〇〇　〇〇　　昭和〇〇年〇〇月〇〇日　生

課税標準額
¥〇,〇〇〇,〇〇〇

| 課税金額 | 所得割額 | 均等割額 | 年税額 |
|---|---|---|---|
| 市民税 | ¥0 | ¥0 | ¥0 |
| 県民税 | ¥0 | ¥0 | ¥0 |
| 合計 | ¥0 | ¥0 | ¥0 |

| | |
|---|---|
| 減免市民税所得割額 | ¥0 |
| 減免県民税所得割額 | ¥0 |
| 減免市民税均等割額 | ¥0 |
| 減免県民税均等割額 | ¥0 |
| 減免額合計 | ¥0 |

記載のとおり相違ないことを証明する。

令和〇年〇月〇日
福島県〇〇〇市長　　〇〇〇〇

印

※၁　မြို့မြို့နယ်၊ကျေးရွာပေါ်မူတည်၍ ပုံစံကွဲပြားသည်။

※၂　ရဲအိဝ ၆ ဘဏ္ဍာရေးနှစ်၏ နေထိုင်ခွန်ပေးချေထားကြောင်း အထောက်အထား လက်မှတ် ဖြစ်ကြောင်းသေချာစေပြီးမှ ထုတ်ယူပါ။

※၃　ကျသင့်အခွန်သည် ဝင်ငွေအခြေခံပမာဏ နှင့် မျှခြေအခြေခံပမာဏနှစ်ခုစလုံးတွင် 0ယန်း ဖြစ်ကြောင်းစစ်ဆေးပါ။

## "သန်းခေါင်စာရင်း နမူနာ"

| | | | | | |
|---|---|---|---|---|---|
| 福島県●●市 | 住　民　票　**(နမူနာ)** | | | | |
| **世帯主** | **渡利　一郎** | | | | |
| 現住所 | 福島県●●市●●町１－１－１ | | 転入 | | |
| 1 | 氏名 | 渡利　一郎 | | | |
| | 旧氏 | | | | |
| | 生年月日 | 性別 | **続柄** | 住民となった年月日 | 住民票コード |
| | 昭和♦年♦月♦日 | 男 | **世帯主** | 昭和■年■月■日 | 省略 |
| | | | | | 個人番号 |
| | | | | | 省略 |
| | 本籍<br>筆頭者 | ** | | | |

この写しは、**世帯全員**の住民票の原本と相違ないことを証明する。

令和▲年▲月▲日

福島県●●市長　　　福島　太郎　　　市長印

**အိမ်ထောင်ဦးစီး၏အမည်ကို ထည့်သွင်းဖော်ပြထားမည်**

**တော်စပ်ပုံသည် မဖြစ်မနေပါရှိရမည်**

**တစ်ဦးတည်းအိမ်ထောင်စုဖြစ်သည့်တိုင်**
**"အိမ်ထောင်စုဝင် အားလုံး"ဟု ထည့်သွင်းဖော်ပြမည်**

**လျှောက်ထားသည့်နေ့မတိုင်မီ ၃**
**လအတွင်း ဖြစ်ရမည်**

**"ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်လျှောက်ထားခြင်း၏ရလဒ်ကို အကြောင်းကြားခြင်း"**

၁။ လျှောက်လွှာကို သတ်မှတ်ရက်တွင်းလျှောက်ထားခြင်းဖြစ်ပါက၊ ရဲအိဝ ၆ နှစ် (၂၀၂၄ခုနှစ်) နိုဝင်ဘာလခန့်တွင် စာဖြင့်အကြောင်းကြားမည်ဖြစ်သည်။

※၁ လျှောက်ထားသည့်အချိန်မှစ၍ ရက်အတန်ကြာနိုင်သဖြင့် ရလဒ်အကြောင်းကြားလွှာ ရရှိသည့်အချိန်အထိစောင့်ဆိုင်းပါ။ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းစုံစမ်းခြင်းကို လက်ခံဖြေကြားနိုင်ခြင်းမရှိပါ။

※၂ လျှောက်ထားမှုသည် ဩဂုတ်လ ၃၀ ရက်နေ့နောက်ပိုင်းဖြစ်ပါက ရလဒ်အကြောင်းကြားမှု နောက်ကျမည်ကိုသတိပြုပါ။

၂။ ပြန်လည်ပေးဆပ်ထားသည့် ငွေပမာဏအားနှုတ်ယူခွင့်ပြုမည်မဟုတ်ပါ။

၃။ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်မရရှိသူများသည် ဘဏ်မှစာရင်းလွှဲပြောင်းခြင်း (အလို အလျောက်ဖြတ်တောက်) သို့မဟုတ် ငွေပေးချေလွှာ (Convenienceစတိုးဆိုင်တွင်ပေးချေမှု) ဖြင့်ပေးချေရ မည်။ ဘဏ်စာရင်းမှလွှဲပြောင်း (အလိုအလျောက်ဖြတ်တောက်)စေလိုပါက "စာရင်းလွှဲပြောင်း ရန်တောင်းဆိုလွှာ"ကို ပို့ပေးမည်ဖြစ်သဖြင့် ရှေ့ဆုံးစာမျက်နှာတွင်ပါရှိသော ဆက်သွယ်ရန် လိပ်စာ(အောက်ဖော်ပြပါ)သို့ ဆက်သွယ်အကြောင်းကြားပါ။

**ဖုန်း - 024-523-1250 (ရုံးဖွင့်ရက်- နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း)**

၄။ ဘဏ်စာရင်းမှလွှဲပြောင်းခြင်း (အလိုအလျောက်ဖြတ်တောက်)လုပ်ငန်းစဉ်သည် ၂လ မှ ၃လ အထိကြာမြင့်နိုင်သည့်အတွက်အမြန်ဆုံး လုပ်ဆောင်စေလိုပါသည်။ ဘဏ်စာရင်းမှ လွှဲပြောင်း ခြင်းလုပ်ငန်းစဉ် မပြီးဆုံးသေးမီကာလတွင် ငွေပေးချေလွှာ (Convenienceစတိုးဆိုင်တွင် ပေးချေမှု) ဖြင့် ပေးချေရမည်ဖြစ်သည်။

၅။ ပြန်လည်ပေးဆပ်ခြင်း (ပြန်ဆပ်ခြင်း)မှကင်းလွတ်ခွင့်ရသည့် ငွေပမာဏနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်ရန်ကင်းလွတ်ခွင့်အကြောင်းကြားစာတွင် ဖော်ပြထားမည်ဖြစ်သဖြင့် သေချာစွာစစ်ဆေးပါ။